# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပညာရေးမြှင့်တင်မှုကော်မတီအား တွေ့ဆုံ

နေပြည်တော်- ဇူလိုင် ၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီသည် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် အတူ ယနေ့နေ့လယ်ပိုင်းတွင် လွှတ်တော်ရေးရာဆောင်(I-13)ရှိ ပညာရေးမြှင့်တင်မှု ကော်မတီဝင် များအား သွားရောက်တွေ့ဆုံခဲ့သည်။

ဦးစွာ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍ ပညာရေး မြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှတင့် က ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် အစီအမံများအား ရှင်းလင်း တင်ပြပါသည်။

၎င်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကော်မတီအနေဖြင့် ကော်မတီ၏ ရည်ရွယ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် မဟာဗျူဟာရည်မှန်းချက်များအား အသေးစိတ် ပြင်ဆင်ထားသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့လွှတ်တော်၏ လုပ်ငန်းစဉ်များသည် ကျယ်ပြန့်သဖြင့် ကော်မတီများအနေဖြင့် လွှတ်တော်ကို အထောက်အကူပြုနိုင်ရေးအတွက် မျှော်မှန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီများသည် လွှတ်တော်၏ ဒေါက်တိုင် များဖြစ်၍ လွှတ်တော်၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ခြင်း၊ တိုးတက်ခြင်းသည် ကော်မတီများအပေါ်တွင် မူတည်လျက်ရှိပါကြောင်း၊ ပညာရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက် ရေးအတွက် အရေးကြီးသဖြင့် ပညာရေးမြှင့်တင်မှုကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပညာရေး နှင့်ပတ်သက်၍ အခြေခံပညာရေးစနစ် အုတ်မြစ်ခိုင်မာစေအောင် ကြိုးစားဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ တည်ဆဲဥပဒေများအနက် ပညာရေးမြှင့်တင်မှုကော်မတီနှင့် သက်ဆိုင် သည့်ဥပဒေ ၉ ခု ရှိပြီး ကော်မတီအနေဖြင့် အဆိုပါဥပဒေများပြင်ဆင်နိုင်ရေး ပြန်လည်

သုံးသပ်ပြီး ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေများအနက် ၂၀၁၄ ခုနှစ်၊ အမျိုးသားပညာရေးဥပဒေကို ဦးစားပေးပြန်လည်သုံးသပ်ပြီး လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ပညာရေးဥပဒေတစ်ရပ်ဖြစ်အောင် အလေးထား လုပ်ဆောင်သွားရမည် ဖြစ်ပါကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးအတွက် ဦးစားပေး ဆောင်ရွက် လျက်ရှိပြီး ကျောင်းပြင်ပ ပညာရေးနှင့် ကင်းကွာနေသူများကိုလည်း ပညာဆက်လက် သင်ကြားနိုင်ရန်အတွက် School Survey များ ကောက်ယူနိုင်ရေး လွှတ်တော်အနေဖြင့် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းအပြင် ပညာရေးနှင့် လုပ်ငန်းခွင်ဆက်စပ်မှုဖြစ်စေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်နေသည့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး (Technical and Vocational Education and Training - TVET)များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဝိုင်းဝန်း ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားဘာသာစကားများကို အခြေခံပညာရေးမှ အစပြု၍ ထည့်သွင်းသင်ကြားစေခြင်းဖြင့် တိုင်းရင်းသားများအကြား ချစ်ကြည်ရင်းနှီးမှု ရရှိကာ ငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်စေမည့်စနစ်တစ်ခုကို ဖော်ဆောင်ရန် စဉ်းစားသင့်ပါကြောင်း၊ ဤကော်မတီအနေဖြင့် ဆရာ၊ ဆရာမများ၏ ခံစားခွင့်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျောင်းတွင်းအကြမ်းဖက်မှုများနှင့် ပတ်သက်၍လည်းကောင်း အားလုံးလွှမ်းခြုံနိုင်သည့် ဥပဒေများပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေသည်ကို သိရ၍ဝမ်းသာ ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ပညာရေးအခန်းကဏ္ဍ အရှေ့တစ်ခုသို့ ရောက်အောင် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါကြောင်း၊ ပညာရေးမြှင့်တင်မှု

ကော်မတီအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်အပေါ်သုံးသပ်၍ အသိမ်မွေ့ဆုံး နည်းလမ်းများဖြင့် အကောင်းဆုံး ဆောင်ရွက်သွားကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**